BURMESE

# စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များနှင့် ညအချိန်များတွင် ဆေးဝါးအကူအညီ ရယူခြင်း






ဩစတြေးလျ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု စနစ်သည် ရှုပ်ထွေးသော စနစ်တစ်ခု ဖြစ်သည်။ တခါတရံတွင် သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦး နာမကျန်း ဖြစ်ပါက မည်သည့် ကျန်းမာရေး ဝန်ဆောင်မှုကိုအသုံးပြုရ မည်၊ မည်သည့်အချိန်တွင် အသုံးပြုနိုင်မည်နှင့် မည်မျှကုန်ကျမည်တို့ကိုသိရှိရန် ခက်ခဲနိုင်သည်။ ဤသတင်းအ ချက်အလက်သည် သင့်အား ဩစတြေးလျ ကျန်းမာရေးစနစ်နှင့် ပတ်သက်၍ အနည်းငယ်မျှ ပိုမိုသိရှိနားလည် စေရန်ကူညီပေးသည်။

---

သင်သည် ဗစ်တိုးရီးယားပြည်နယ်မှ နိုင်ငံရေး ခိုလှုံခွင့်တောင်းသူတစ်ဦး ဖြစ်ပါက အရေးပေါ်ဌာနမှ အခမဲ့ဆေးဝါး ကုသမှုကို ရယူနိုင်မည် ဖြစ်ပါသည်။ အခြားဆေးဘက်ဆိုင်ရာ ခံစားခွင့်များမှာ သင်၏ ဗီဇာအမျိုးအစားပေါ်တွင် မူတည်သည်။ ၎င်းတို့မှာအချိန်ကာလအလိုက် ပြောင်းလဲမှုများ ရှိနိုင်ပါသဖြင့် လက်ရှိအခြေအနေကိုသိရှိရန်သင်၏ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ဝန်ထမ်းအား တွေ့ဆုံမေးမြန်းရန် တိုက်တွန်းပြောကြားလိုပါသည်။

## သင်နာမကျန်းဖြစ်နေပြီး သင့်ဆရာဝန်၏ ဆေးခန်းပိတ်ထားချိန်ဖြစ်ပါက

သင်နာမကျန်းဖြစ်နေပြီး ညဘက်အချိန်၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရ ရုံးပိတ်ရက်များတွင် ဆရာဝန်တစ်ဦးနှင့် ပြသရန် လိုအပ်သည့် အခြေအနေဖြစ်နေပါက အောက်ပါအခမဲ့ ဆေးဝါး **ဝန်ဆောင်မှုများမှ တစ်ခုအား အသုံးပြုနိုင်ပါသည် -**

- 24 နာရီတာဝန်ကျ သူနာပြု အထွေထွေရောဂါကုဆရာဝန် (Nurse on call) ဖုန်း 1300 606 024 (ဗစ်တိုးရီးယား ပြည်နယ်အတွင်း)။
- ဆေးခန်းပိတ်ချိန်နောက်ပိုင်း (After Hours GP) ကူညီပေးရေး ဖုန်း။ 1800 022 222

> “ဩစတြေးလျနိုင်ငံတွင် မိသားစုဆရာဝန်များကို အထွေထွေ ရောဂါကုဆရာဝန်များ(**GP**) ဟုလည်း ခေါ်လေ့ရှိပါသည်။”

**သင့်အိမ်တွင် လာရောက်ကြည့်ရှုကုသပေးသော ဆရာဝန်အား မေးမြန်းရန် -**

သင့်တွင် အထွေထွေရောဂါကု ဆရာဝန်တစ်ဦးရှိပါက ၎င်းဆရာဝန်သည် မည်သည့် ဝန်ဆောင်မှုကို အသုံးပြုနေသည်ကို မေးမြန်းပါ။

ဝန်ဆောင်မှု အမည် - ______________________

နံပါတ် - ______________________

သင့်တွင် ပုံမှန် အထွေထွေရောဂါကု ဆရာဝန်တစ်ဦး မရှိပါက -

- အိမ်တိုင်ရာရောက် ကုသပေးသော ဆရာဝန် The Home Doctor ဖုန်း 13 74 25 (ဗစ်တိုးရီးယား ပြည်နယ်အတွင်း)

**သင်သည် အင်္ဂလိပ်စကားပြောကြားသူတစ်ဦး မဟုတ်ပါက အထက်ပါ ဝန်ဆောင်မှုဌာနတစ်ခုခုနှင့် ဆက်သွယ်ရန် စကားပြန်တစ်ဦးမှ ကူညီပေးပါလိမ့်မည်။**

**1** ဘာသာပြန်ခြင်းနှင့် စကားပြန် ဝန်ဆောင်မှု TIS National ဖုန်း 13 14 50 သို့ခေါ်ဆို၍ စကားပြန်တစ်ဦးရရှိနိုင်ရန် တောင်းဆိုပါ။

**2** TIS စကားပြန်အား သင်ဆွေးနွေးပြောဆိုလိုသော ဝန်ဆောင်မှုဌာနကို ဆက်သွယ်ခေါ်စေနိုင်ပါသည်။

Produced June 2016

# ဆေးရုံ အရေးပေါ်ဌာန

သင်သည် အသက်ရှူရ ခက်ခဲနေခြင်း၊ သွေးမရပ်မနားထွက်နေခြင်း၊ အရိုးကျိုးခြင်း၊ ဦးခေါင်းတွင် ဒဏ်ရာရရှိထားခြင်း သို့မဟုတ် ရင်ဘတ်နာခြင်းများကဲ့သို့ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ခုခု ရှိနေလျှင် လူနာတင်ယာဉ် ခေါ်ဆောင်ရန် **000 သို့ ဖုန်းခေါ်ဆိုပါ** သို့မဟုတ် သင်နှင့် အနီးဆုံးဆေးရုံရှိ အရေးပေါ်ဌာနသို့ သွားရောက်ပါ။ တခါတ ရံတွင် ၎င်းသည် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရနိုင်သည်ကို သတိပြုပါ။

**အရေးပေါ်ဌာနများသည် အချိန်ပြည့် ဖွင့်လှစ်ထားပါသည် (တစ်ရက် 24 နာရီ၊ တစ်ပတ် 7 ရက်)**

**အရေးပေါ်ဌာနသို့ သွားရောက်သောအခါ -**

- Medicare ကတ် နှင့် Centrelink ကျန်းမာရေး ပြုစုစောင့်ရှောက်ရေးကတ်ရှိပါက ယူဆောင်သွားပါ
- သင် စကားပြန်တစ်ဦး လိုအပ်ပါက စကားပြန်တစ်ဦးတောင်းဆိုပါ
- သင် အစားအစာတစ်ခုခု မစားမီ သို့မဟုတ် မသောက်မီတွင် ဝန်ထမ်းတစ်ဦးအား မေးမြန်းပါ

နံပါတ် **000** အား အများသုံးဖုန်းတစ်လုံးမှဖြစ်စေ၊ အိမ်သုံးဖုန်းတစ်လုံးမှဖြစ်စေ သို့မဟုတ် လက်ကျန်ငွေမရှိသော မိုဘိုင်းဖုန်းတစ်လုံးမှဖြစ်စေ မည်သည့်ဖုန်းမှမဆို အခမဲ့ခေါ်ဆိုနိုင်ပါသည်။




# လူနာတင်ယာဉ်

**မည်သည့်ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေအတွက်မဆို 000 သို့ဖုန်းဆက်၍ လူနာတင်ယာဉ်တစ်စီး ခေါ်ဆိုသင့်ပါသည်။**

ဆေးပညာဆိုင်ရာ အရေးပေါ်အခြေအနေဆိုသည်မှာ သင် သို့မဟုတ် အခြားသူတစ်ဦးသည် ပြင်းထန်စွာ နာမကျန်းဖြစ်နေပြီး သို့မဟုတ် ထိခိုက်ဒဏ်ရာရထားပြီး အကူအညီ လျင်မြန်စွာ လိုအပ်နေသောအခြေအနေဖြစ်သည်။

**အောက်ပါအခြေအနေမျိုးများတွင် လူနာတင်ယာဉ်တစ်စီး မခေါ်ဆိုသင့်ပါ -**

- အကူအညီ လျင်မြန်စွာ လိုအပ်နေခြင်း မရှိသည့် အခြေအနေမျိုးဖြစ်လျှင်။
- အရေးပေါ်မဟုတ်သော ကျန်းမာရေးဝန်ဆောင်မှုဌာနနှင့် ချိန်းဆိုထားမှုတစ်ခုအတွက် သယ်ယူပို့ဆောင်ရေးလိုအပ်နေသည့် အခြေအနေမျိုးဖြစ်လျှင်။
- သင်ကိုယ်တိုင် အရေးပေါ်ဌာနသို့ သွားရောက်နိုင်သည့် အခြေအနေမျိုးဖြစ်လျှင်။

**လူနာတင်ယာဉ် ဝန်ဆောင်မှုသည် အမှန်တကယ်ပင် ကုန်ကျစရိတ်မြင့်မားနိုင်သည်။** လူနာတင်ယာဉ် အသုံးပြုမှု အတွက် သင့်တွင် အောက်ပါအခြေအနေတစ်ခုခုရှိမှသာလျှင် ဝန်ဆောင်ခ အခမဲ့ရမည် ဖြစ်သည်။

- သင့်တွင် Centrenlink ကျန်းမာရေးပြုစုစောင့်ရှောက်ရေးကတ်တ်ကတ် ရှိလျှင်။
- သင့်တွင် ပင်စင်ခံစားခွင့်ကတ်တစ်ကတ်ရှိလျှင်။
- သင်သည် လူနာတင်ယာဉ် အဖွဲ့ဝင်တစ်ဦးဖြစ်လျှင်။
- သင့်တွင် ၎င်းလူနာတင်ယာဉ်ခပေးဆောင်မည့် ပုဂ္ဂလိကအာမခံရှိလျှင်။

**၎င်းတို့မှတစ်ပါး အခြားသူများသည် အခကြေးငွေပေးဆောင်ရမည် ဖြစ်ပြီး ၎င်းအတွက် Medicare အနေဖြင့် ငွေကြေး ပေးဆောင်ပေးမည် မဟုတ်ပါ။**




We gratefully acknowledge the financial support of North Western Melbourne Primary Health Network to produce this resource, and the document ''Using health services in the ACT' produced by the ACT government which helped inform this resource.

phn NORTH WESTERN MELBOURNE
An Australian Government Initiative

centre for culture, ethnicity & health